ငါကိုယ်တော်၏ အွမ္မသ်ထဲ၌ နောက်ပိုင်းတွင်

လူတစ်ချို့ပေါ်ပေါက်လာလိမ့်မည်။

၎င်းတို့သည်အသင်တို့နှင့် အသင်တို့ဘိုးဘွားများပင်မကြားဘူးသောအရာများကို

အသင်တို့အားပြောဆိုတင်ပြကြလိမ့်မည်။ သို့ဖြစ်၍

အသင်တို့သည် ၎င်းတို့နှင့်ဝေးဝေးနေကြကုန်။

အဗူဟူရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငါကိုယ်တော်၏
အွမ္မသ်ထဲ၌ နောက်ပိုင်းတွင် လူတစ်ချို့ပေါ်ပေါက်လာလိမ့်မည်။
၎င်းတို့သည်အသင်တို့နှင့် အသင်တို့ဘိုးဘွားများပင် မကြားဘူးသောအရာများကို
အသင်တို့အားပြောဆိုတင်ပြကြလိမ့်မည်။ သို့ဖြစ်၍ အသင်တို့သည်
၎င်းတို့နှင့်ဝေးဝေးနေကြကုန်။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိအွမ္မသ်၌ နောက်ပိုင်းတွင်မုသားစကားပြောသူများပေါ်ပေါက်လာမည်ဖြစ်ကြောင်းနှင့် ၎င်းတို့သည် မိမိတို့အရင်ကမည်သူတစ်ဦးတစ်ယောက်မျှ မပြောဆိုခဲ့သော လုပ်ကြံဖန်တီးထားသည့် ဟဒီးဆ်များကိုဆင့်ပြန်ကြမည်ဖြစ်ကြောင်း အသိပေးမိန့်ကြားတော်မူခဲ့သည်။ သို့ဖြစ်၍ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကျွန်တော်တို့အား၎င်းတို့နှင့်ဝေးစွာရှောင်ကြဉ်ရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့အပြင် ထိုသို့လုပ်ကြံဖန်တီးထားသည့်စကားများသည် စိတ်ထဲ၌စွဲသွားကာဖယ်ထုတ်နိုင်စွမ်းမရှိခြင်းမျိုး မဖြစ်စေရန် ၎င်းတို့နှင့် အတူထိုင်ခြင်း၊၎င်းတို့၏စကားများကိုနားထောင်ခြင်းမပြုကြရန်အမိန့်ပေးတော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/65076